# သိကြားမင်းဖြစ်စေတတ်သောကျင့်ဝတ်(၇)ပါး

မြတ်စွာဘုရားက လိစ္ဆဝီမင်းသား မဟာလိ အား သိကြားမင်းဖြစ်အောင် အကျိုးပေးသော ကျင့်ဝတ် (၇)ပါး ကို ဟောကြားတော်မူခဲ့သည်။

(၁) မိဘ (၂)ပါးကို လုပ်ကျွေးမွေးမြူခြင်း။

ဤကျင့်ဝတ်ကို ကျေပွန်စွာကျင့်သုံးပါက ကွယ်လွန်ပြီးနောက်တမလွန်ဘဝတွင် သိကြားမင်းဖြစ်ရ၏။ မိဘနှစ်ပါးအား လုပ်ကျွေးမွေးမြူခြင်းကို မင်္ဂလာတစ်ပါးအဖြစ် မင်္ဂလသုတ် ၌ဟောကြားထားသည်ကိုလည်း တွေ့ရ၏။

ဒသကနိပါတ် မဟာဓမ္မပါလဇာတီတော်ကို ဟောကြားတော်မူပြီး ခမည်းတော် သုဒ္ဓေါဒန မင်းကြီးအား အနာဂါမ် တည်စေခြင်းအားဖြင့် လည်းကောင်း၊ တာဝတိံသာ နတ်ပြည်၌ အဘိဓမ္မာ ဒေသနာကို ဟောကြားတော်မူပြီး မယ်တော်ဖြစ်ခဲ့ဖူးသော “သန္တုသိတ” နတ်သားအား သောတာပန်အရိယာ အဖြစ်သို့ရောက်စေ ခြင်းအားဖြင့် လည်းကောင်း၊ မြတ်စွာဘုရားသည် မိဘနှစ်ပါးအားကျေးဇူးဆပ်တော်မူခဲ့သည်။ ရှင်သာရိပုတ္တရာ သည်လည်း ပရိနိဗ္ဗာန်စံခါနီးကာလ၌ မယ်တော်အား သောတာပန် တည်အောင် ဒေသနာတော်များကို ဟော်ကြားတော်မူခြင်းဖြင့် မိဘကျေးဇူးကို ဆပ်တော်မူခဲ့၏။

မဟာဇနက မင်းသားသည်လည်း မိဘတို့အား ကျေးဇူးဆပ်သူ ပင်ဖြစ်၏။ သုဝဏ္ဏသာမ သည်လည်း ထိုနည်းတူပင် ကျေးဇူးဆပ်ပါ၏။ ကျမ်းဂန်စာပေများ၌ မိဘတို့အား ကျေးဇူးဆပ်သောအားဖြင့် လုပ်ကျွေးပြုစုကြသော သမင်၊ မျောက်၊ လင်းတ၊ ကျေး စသည်တို့ ကိုတွေ့ရ၏။ မိဘတို့ကို လုပ်ကျွေးမွေးမြူကြသော ရဟန်းတော်များကိုပင် မြတ်စွာဘုရားက သာဓု ခေါ်တော်မူကြောင်းလဲတွေ့ရ၏။ မိဘတို့အား လုပ်ကျွေးမွေးမြူမှုနှင့်စပ်လျဉ်း၍ ပုတ္တောဝါဒ ဆုံးမစာ၌...

မိ ကိုလက်ယာ၊ ဘ မှာလက်ဝဲ၊ အမြဲထမ်းလျက်၊ ပခုံးထက်တွင်၊ သို့ပင်နှစ်စု၊
လုပ်ကျွေးကြလည်း၊ ရှေးကပြုဖူး၊ မွေးကျေးဇူးကို၊ အထူးမြဲခိုင်၊ မဆပ်နိုင်တည့်...

ဟူ၍ စပ်ဆိုထားသည်ကိုလည်းတွေ့ရ၏။

မိဘ အပေါ်စော်ကားမှုနှင့် ပတ်သက်၍ အထင်ရှားဆုံးသောဇာတ်ကြောင်းနှစ်ခုမှာ အဇာတသတ်မင်း နှင့် အရှင်မဟာမောဂ္ဂလ္လာန် တို့ဖြစ်ကြ၏။ အဇာတသတ်မင်း သည် ဖခင် ဗိမ္ဗိသာရမင်းကြီးကိုသာ မသတ်မိပါက ထိုဘဝ၌ပင် သစ္စာလေးပါးကို ထိုးထွင်း၍ သိနိုင်သော သောတာပန် အရိယာပုဂ္ဂိုလ်ဖြစ်မည်ဖြစ်၏။ သို့သော် ဖခင် ဗိမ္ဗိသာရမင်းကြီးကို သတ်မိသည့် အကုသိုလ်ကံကြောင့် အပါယ်ကျရ၏။ အရှင်မဟာမောဂ္ဂလ္လာန် သည်လည်း နစဉ်အခါက မယားမိုက်၏ ကုန်းတိုက်မှုကြောင့် မျက်မမြင်မိဘနှစ်ပါးကို ခိုးသူယောင်ဆောင်၍ ရိုက်သတ်

ခဲ့ဖူးသည်။ ထို အကုသိုလ်ကံသည် နောက်ဆုံးဘဝ၌ပင် အရှင်မဟာမောဂ္ဂလ္လာန်အား အကျိုးပေး၏။ အရှင်မဟာမောဂ္ဂလ္လာန်သည် မြတ်စွာဘုရား၏သာသနာတော်၌ မြတ်စွာဘုရား မှလွဲလျှင် တန်ခိုးအကြီးဆုံး ရဟန္တာ ဖြစ်၏။ နန္ဒောပနန္ဒ နဂါးမင်းကိုလည်းဆုံးမနိုင်စွမ်းရှိ၏။ တာဝတ္တိံ သာနတ်ပြည်ရှိ "ဝေဇယန္တာပြာသဒ်" ကိုခြေမဖြင့် ဆတ်ဆတ်ခါအောင် တုန်လှုပ်နိုင်စွမ်းရှိ၏။ ထိုမျှလောက် တန်ခိုးကြီးသူဖြစ်ပါလျှက် ခိုးသားငါးရာ၏ ရိုက်သတ်ခြင်းကိုခံရသည်။ အကုသိုလ်ကံတို့၏ အကျိုးပေးမှုသည် ကြောက်မက်ဖွယ်အလွန်ကောင်းသည်။

ထိုကြောင့် ကုသိုလ်ကံ ကိုပဲလုပ်လုပ်၊ အကုသိုလ်ကံ ကိုပဲလုပ်လုပ် ထိုကံ သည် ဆိုင်ရာအကျိုးကို တနေ့တွင်မုချပေးလိမ့်မည်။ ထိုကြောင့် မိဘနှစ်ပါးကို လုပ်ကျွေးမွေးမြူသောကံ သည် သာသနာပ ကာလ၌ဖြစ်စေ၊ သာသနာတွင်း ကာလ၌ဖြစ်စေ သိကြားမင်း ဘဝကို အမှန်ပင်ပေးပါလိမ့်မည်။

## (၂) ကြီးသောသူတို့အား ရိုသေလေးစားခြင်း။

အာဠာတာဌိယ ပရိတ်၌လည်း " မိမိထက် ကြီးသောသူတို့အား ရိုသေလေးစားခြင်းသည် အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ခွန်အား၊ ဉာဏ်အားကြီးခြင်း၊ ချမ်းသာကြီးခြင်း တည်းဟူသော အကျိုးတရားလေးပါးတို့ကိုပေး၏" ဟူ၍ ဟောကြားတော်မူထားကြောင်းတွေ့ရ၏။ မင်္ဂလသုတ်၌လည်း "ဂါရဝ" မင်္ဂလာ အနေဖြင့်ရှိ၏။ သုစရိုက်တရား ဆယ်ပါးတွင်လည်း ရိုသေခြင်း "အပစာယန" သုစရိုက်တရား အနေဖြင့်ရှိပြန်၏။

ကြီးသူကိုလည်း ကြီးသူအလျောက်၊ ငယ်သူကိုလည်း ငယ်သူအလျောက် မိမိ၏ ပတ်ဝန်းကျင်ကို ရိုသေခြင်း၊ လေးစားခြင်း၊ မြတ်နိုးခြင်း ရှိပါက လောလောဆယ် ပစ္စက္ခ၌ပင်ကိုယ်ရောစိတ်ပါ ချမ်းသာရ၏။

မြတ်စွာဘုရားသည် သဗ္ဗညုတဉာဏ်တော်ကိုရ၍ ပဌမ သတ္တာဟ၌ အဇပါလ ညောင်ပင်ရင်းတွင် စံနေတော်မူစဉ်ကပင် "ဤလောက၌ အရိုအသေ အလေးအမြတ် ပြုစရာ မထားပဲ မိမိဘာသာ နေခြင်းသည် မသင့်လျော်၊ ဆင်းရဲလှ၏" ဟူ၍သိမြင်တော်မူပြီးနောက် အရိုအသေ အလေးအမြတ် ပြုစရာကိုရှာသောအခါ ပုဂ္ဂိုလ်အနေဖြင့် အခြားတဦးတယောက်ကိုမျှမတွေ့ရသည့်အတွက် " မိမိသိထားပြီးသော တရားတော်များကိုသာ အရိုအသေ အလေးအမြတ်ပြု၍ နေတော့အံ့" ဟုဆုံးဖြတ်တော်မူပြီး ပရိနိဗ္ဗာန်ပြုသည့်အချိန်ထိ ၄၅ဝါ ကာလပတ်လုံး တရားတော်များကိုသာ အရိုအသေ အလေးအမြတ်ပြု၍နေတော်မူခဲ့၏။

မြတ်စွာဘုရားသော်မှ ရိုသေလေးစားခြင်း၏ မြင့်မြတ်မှုကို သိတော်မူပြီး ရိုသေလေးစားခြင်း နှင့်ကင်း၍မနေနိုင်လျှင် အခြားပုဂ္ဂိုလ်များအနေဖြင့် အဘယ်သို့ ရိုသေလေးစားခြင်းနှင့်ကင်း၍ နေသင့်ပါမည်နည်း။ ထို့ကြောင့်ဤကျင့်ဝတ်ကို အမြဲမပြတ် လိုက်နာကျင့်သုံးပါက တမလွန် ဘဝတွင် သိကြားမင်းဖြစ်မည်မှာယုံမှားစရာမရှိပါ။

## (၃) နူးညံ့ သိမ်မွေ့ပြေပြစ်သော စကားကိုဆိုခြင်း။

အမှန်အားဖြင့် နူးညံ့သိမ်မွေ့သောစကားဆိုသည်မှာ ဤလောက၌လူတို့ပြောဆိုနေကြသော စကား(၆)ခွန်းအနက် မှန်လည်းမှန်၊ အကျိုးလည်းရှိ၊ နားဝင်လည်းချို ဟူသော အင်္ဂါသုံးရပ်နှင့်ပြည့်စုံသော စကားဖြစ်၏။ယင်းစကားမျိုးကို "သုဘာသိတ" မင်္ဂလာအနေဖြင့် မင်္ဂလသုတ်၌ ဟောကြားထားသည်။

သုစရိုက်တရားဆယ်ပါးတွင်လည်း ကြမ်းတမ်းသော ဖရုသဝါစာ ၏ဆန့်ကျင်ဖက် အနေဖြင့် လာရှိ၏။ ကြမ်းတမ်းသော စကားသည် ဒုစရိုက် ဖြစ်၏။ နူးညံ့သိမ်မွေ့သောစကားသည် သုစရိုက် ဖြစ်၏။ ဒုစရိုက် ဟူသည် အကုသိုလ် ဖြစ်၏။ သုစရိုက် ဟူသည် ကုသိုလ် ဖြစ်၏။ ကုသိုလ် ဖြစ်၍သော သိကြားမင်းဘဝကို အကျိုးပေးနိုင်ခြင်းဖြစ်၏။ စကားသည် ပါရမီဆယ်ပါးတွင် သစ္စပါရမီ အနေဖြင့် ဖော်ပြရအောင် အင်အားကြီးမား၏။ ထို့ကြောင့် နူးညံ့သိမ်မွေ့ ပြေပြစ်သောစကားသည် သစ္စပါရမီ ထိုက်လောက်အောင် အင်အားရှိလာပါက သိကြားမင်းဘဝကိုသာမက အရိယာအဖြစ်သို့ ရောက်အောင်ပင် ဆောင်ရွက်နိုင်စွမ်းရှိပါ၏။

## (၄) ကုန်းတိုက်သော စကားကိုမဆိုခြင်း။

ကုန်းတိုက်သော စကားသည် ဝစီ ဒုစရိုက်တွင်ပါဝင်သည်။ ကုန်းတိုက်သော စကား၏ အပြစ်သည် ဤလောက၌ လက်တွေ့အားဖြင့်ထင်ရှား၏။ တကယ်ပင်ကုန်းတိုက်သောစကားကို မဆိုဦးတော့၊ ဟိုနားတိုးတိုး၊ ဒီနားတိုးတိုး ပြောဆိုခြင်းပင်လျှင် "ပြည်" ပျက်နိုင်၏။ ထို့ကြောင့် မြင့်မြတ်သူများသည် ကုန်းတိုက် စကား ကိုမပြောဆိုကြချေ။ ကုန်းတိုက် စကား ကိုမပြောဆိုခြင်းသည် ဝစီ ဒုစရိုက်မှ ရှောင်ကြဉ်ခြင်းဖြစ်၏။ ဝစီ ဒုစရိုက်မှ ရှောင်လျှင် ဝစီ သုစရိုက်ဖြစ်၏။ ထို့ကြောင့်ဤကျင့်ဝတ်သည်လည်း အကျိုးတရားအနေ ဖြင့် သိကြားမင်း ဘဝကိုပေးစွမ်းနိုင်ခြင်းဖြစ်၏။

## (၅) ဝန်တိုမှ "မစ္ဆရိယ" မရှိခြင်း

အမှန်အားဖြင့် ဝန်တိုမှ "မစ္ဆရိယ"သည် မနာလိုမှ "ဣဿာ" နှင့်တွဲ၍ဆိုဖက်ဖြစ်၏။ မနာလိုခြင်း နှင့် ဝန်တိုခြင်းသည် သတ္တဝါတို့ ဆင်းရဲကြောင်းဖြစ်သည်ဟု သက္ကပဥှသုတ်၌ မြတ်စွာဘုရားက သိကြားမင်းအား ဟောကြားတော်မူထား၏။

မနာလိုခြင်း နှင့် ဝန်တိုခြင်းသည် ဤလောက၌ ရှောင်နိုင်ခဲသော အကုသိုလ် အညစ်အကြေး ဖြစ်၏။ သို့ဖြစ်၍လည်း ဤလောက၌ လူတို့သည် ချမ်းသာအောင် မည်မျှပင် ကြိုးပမ်းကြစေကာ မူ မိမိတို့ကြိုးပမ်းသည့်အတိုင်း ချမ်းသာမလာကြပဲ ဤ မနာလို၊ ဝန်တိုမှ တို့ကြောင့် မလွှဲသာမရှောင်သာ ဆင်းရဲကြရ၏။

ဤလောက၌ လူတို့သည် အချင်းချင်းပြိုင်နေကြသည်။ ထိုသို့ပြိုင်နေခြင်းကို "ပလာသ" ဟုခေါ်၏။ အချင်းချင်းပြိုင်ကြရာတွင် ပေါ်ပေါ်ထင်ထင် ပြိုင်ခြင်းလည်းရှိ၏။ ကျိတ်၍မသိမသာ

ပြိုင်ခြင်းလည်းရှိ၏။ သို့ဖြစ်၍ တခြားသူတဦးတယောက် လက်ရှိတည်ဆဲ အခြေအနေမှ နိမ့်ပါး သွားလျှင် စိတ်ထဲကကျိတ်၍ ကျေနပ်နေခြင်းဖြစ်၏။ ပါးစပ် ကမူစိတ်မကောင်းသည့်ဟန် ဖြင့်ပြောဆိုတတ်သည်။ အကယ်၍ လက်ရှိတည်ဆဲ အခြေအနေထက် တိုးတက်သွားလျှင်မူ ကျိတ်၍ စိတ်မချမ်းမသာဖြစ်ရပြန်၏။ သူ့ဟာသူ တိုးတက်သွားသည်ကိုပင် မတော်မတရား တိုးတက်သွားသယောင်ယောင်၊ မိစ္ဆာဇီဝ နည်းဖြင့် ကြီးပွားသယောင်ယောင် သွားပုပ်လေလွင့် ပြောတတ်ကြ၏။ ဝါဒ ဖြန့်တတ်ကြ၏။ ဤသည်ကို မနာလိုမှု "ဣဿာ" ဟုဆိုရ၏။

မနာလိုမှု "ဣဿာ" သည် စီးပွားရေးနယ်ပယ်၌သာမက အုပ်ချုပ်ရေးနယ်ပယ်၌လည်းရှိ၏။ ပညာရေးနယ်ပယ်၌လည်းရှိ၏။ မည်သူ ရာထူးတက်သွားပြီဆိုလျှင် နားကြားပြင်းကပ်သည် မည်သူ ရာထူးကျသွားပြီ ဆိုမှ နားဝင်ချို၏။ မည်သူ စာအသင်အပြ ကောင်းသည်၊ အရေးအသား ကောင်းသည် ဟုကျော်လာလျှင်လည်း နားကြားပြင်းကပ်သည်။ မိတ်ဆွေ အရင်းအချာပင်ဖြစ်စေကာမူ စိတ်ထဲကတော့ မကျေနပ်။ ပြိုင်ဆိုင်မှု "ပလာသ" သဘောအရ မိမိသည်သာလျှင် ရာထူးကြီးကြီးရလို၏။ မိမိ သည်သာလျှင် တော်သည်၊တတ်သည် ဟု ကျော်ကြားလို၏။ ဤသည်ကားမိမိကိုယ်ကို အခိုင်အမာ ပြုခြင်းဖြစ်၏။

ပုထုစဉ် တို့သည် နှုတ်ကဘုရားလောင်းစကားကိုပြောကြသော်လည်း၊ စိတ်က ဒေဝဒတ် အကြံကိုကြံကြ၏။

ဤသည်များမှာ ဝန်တိုခြင်း "မစ္ဆရိယ" ဖြစ်၏။ ပုထုစဉ် တို့သည် ဝန်တိုခြင်း မစ္ဆရိယ ကိုကျင့်သုံးနိုင်ရန် သူ့ကျေးဇူး ကိုချေဖျက်ရ၏။ သူ့ကျေးဇူးကို ချေဖျက်ခြင်းကို "မက္ခ" ဟုခေါ် ၏။ အုပ်ချုပ်ရေးနယ်ပယ်၌ဖြစ်စေ၊ စီးပွါးရေးနယ်ပယ်၌ဖြစ်စေ၊ ပညာရေးနယ်ပယ်၌ဖြစ်စေ၊ ဆိုင်ရာဆိုင်ရာပုဂ္ဂိုလ်များ၏ ဂုဏ်ကျေးဇူးကိုမြုပ်ထားရ၏။ ကျေးဇူးမဲ့ကိုသာ ဆိုရ၏။ ဤသို့ ဆောင်ရွက်ပါမှ ဝန်တိုသူ "မစ္ဆရိယ" သမား၏ဆောင်ရွက်ချက်သည် မှန်ကန်သည်၊ တရား နည်းလမ်းကျသည် ဟုမြင်လာမည်၊ ယုံကြည်လာမည်ဖြစ်သည်။

သတ္တဝါတို့ ဆင်းရဲခြင်း၏ မူရင်းအကြောင်းဖြစ်သော မနာလိုမှု "ဣဿာ" နှင့် ဝန်တိုမှု "မစ္ဆရိယ" ကိုသာပယ်ရှားနိုင်မည်ဆိုလျှင် ဤလောကသည် များစွာနေချင်စဖွယ်ကောင်းသော ဒေသတစ်ခု ဖြစ်ပေလိမ့်မည်။ သို့ဖြစ်၍ ဝန်တိုမှု "မစ္ဆရိယ" ကင်းပါက တာဝတိံသာနတ်ပြည်၌ သိကြားမင်းဖြစ်ရသည်ဟုမြတ်စွာဘုရားကဟောတော်မူခြင်းဖြစ်သည်။

## (၆) သစ္စာနှင့်ယှဉ်သော စကားကိုပြောဆိုခြင်း။

အမှန်အားဖြင့်သံသရာတွင် သစ္စာနှင့်ယှဉ်သော စကားလောက်အင်အားပြည့်သော ဓမ္မ ဟူ၍မရှိ။ ထို့ကြောင့်မြတ်စွာဘုရားက သစ္စာ ကိုတစ်ခုတည်းသောတရား "ဧကဓမ္မ" ဟူ၍ စိဉ္စမာန ကိုအကြောင်းပြုကာ ဇေတဝန်ကျောင်းတော်၌ ဟောကြားတော်မူခြင်းဖြစ်သည်။

ယင်းသစ္စာကို ချိုးဖေါက်ပြီး မုသားပြောရဲသူအတွက် ဤလောက၌မကျူးလွန်ဝံ့သော မကောင်းမှု ဟူသည် မရှိချေ ဟူ၍လည်းမြတ်စွာဘုရားကဟောကြားတော်မူထားပြန်သည်။ **ထို့ကြောင့် မုသာဝါဒကံ သည်မကောင်းမှု အားလုံးတို့၏ အခြေခံ အုတ်မြစ်ဖြစ်သည်။** သစ္စာ

ကိုပါရမီ မြောက်အောင်ဖြည့်ကျင့်နိုင်ပါက မိမိဖြည့်ကျင့်သော ပါရမီအလျောက် ဘုရားဖြစ်လိုကဘုရားဖြစ်နိုင်၏။ အဂ္ဂသာဝက ဖြစ်လိုက အဂ္ဂသာဝက ဖြစ်နိုင်၏။ မဟာသာဝက ဖြစ်လိုက မဟာသာဝက ဖြစ်နိုင်၏။ အယုတ်ဆုံး သိကြားမင်းဖြစ်လိုက သိကြားမင်း ဖြစ်နိုင်၏။ သစ္စာ နှင့်ယှဉ်သော စကားသည်ထိုမျှလောက် အာနုဘော်ကြီးမားလေသည်။

သို့ရာတွင် မုသားသည်လည်း ကြားရသူ ပရိသတ်က သစ္စာအဖြစ် လက်ခံသောအခါ မုသားပြောသူကိုယ်တိုင်က မိမိ၏ မုသားကိုပင် သစ္စာအဖြစ်ထင်တတ်ပြန်သည်။ ဤသည်ကို ရည်၍ "အမှားကြာတော့၊ အမှန်ဖြစ်" ဟုဆိုရိုးပြုခြင်းဖြစ်တန်ရာ၏။ သို့ဖြစ်၍ မုသားသည်လည်း ဤမျှလောက် အာနုဘော်ကြီးမားပါ၏။ သို့ရာတွင် နောက်ဆုံးတော့ သစ္စာ က မုသား ကို နိုင်လေသည်။

## (၇) မိမိ၏ အမျက်ဒေါသကို နှိပ်ကွပ်ခြင်း။

အမျက်ဒေါသကို နှိပ်ကွပ်ခြင်း ဟူသည် သည်းခံခြင်းပင်ဖြစ်သည်။ သည်းခံခြင်းသည်ပါရမီ(၁၀)ပါးတွင် တစ်ပါး အပါအဝင်ဖြစ်၏။ သည်းခံခြင်းထက် မြတ်သောတရား မည်သည် မရှိ ဟူ၍မြတ်စွာဘုရားဟောတော်မူ၏။

လက်တွေ့အားဖြင့်လည်း ပတ်ဝန်းကျင်နှင့်ဆက်ဆံရာတွင်ဖြစ်စေ၊ ခက်ခဲသော လုပ်ငန်းကိုလုပ်ကိုင်ရာတွင်ဖြစ်စေ၊ သည်းခံပြီး အဟန့်အတား မှန်သမျှကို ကျော်လွှားနိုင်သူများသာ အောင်မြင်ကြသည်ကိုတွေ့ရ၏။ ထို့ကြောင့်ထိုကျင့်ဝတ်သည်လည်း သိကြားမင်းဖြစ်လိုသူများအတွက် လိုက်နာကျင့်သုံးအပ်ပေသည်။

မဟာလိမင်းသားသည် မြတ်စွာဘုရားထံမှ သိကြားမင်းဖြစ်ရန် ကျင့်ဝတ်(၇)ပါး ကိုနာကြားရသောအခါ မြတ်စွာဘုရားအပေါ်၌အတိုင်းမသိကြည်ညိုသွားလေသည်။

မှတ်ချက်။ ဦးရွှေအောင် ၏ ကုသိုလ်နှင့်အကုသိုလ် စာအုပ်ကိုမှီးငြမ်းရေးသားပါသည်။

မေတ္တာဖြင့်
စီစီချိုသန်း
ဧပြီလ(၂၃)ရက်၊၂၀၀၉